# မြန်မာနိုင်ငံ ပြည်ဝင်ဗီဇာဆိုင်ရာ အသိပေးတင်ပြခြင်း

၁။ မြန်မာနိုင်ငံသို့ စီးပွားရေးအရသော်လည်းကောင်း၊ အလုပ်ရုံ / ဆွေးနွေးပွဲ/ အစည်းအဝေးများ တက်ရောက်ရန်အတွက်သလည်းကောင်း၊ အလည်အပတ်သွားရောက်ရန်အတွက် လည်းကောင်း၊ ကွဲကွာနေသော မိဘဆွေမျိုးများနှင့် ပြန်လည် တွေ့ဆုံရန်အတွက်လည်းကောင်း၊ အကြောင်း အမျိုးမျိုး ကြောင့် သွားရောက်လိုသည့် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများအနေဖြင့် အောက်ဖော်ပြပါ ပြည်ဝင်ဗီဇာများကို (ဝန်ဆောင်ခ ယန်း ၁,၀၀၀/- အပါအဝင်) ဖော်ပြပါနှုန်းထားများအတိုင်း မြန်မာသံရုံး၊ တိုကျိုမြို့တွင် လျှောက်ထားနိုင်ပါ သည်-

| | | |
|---|---|---|
| (က) | သံတမန်/သံအဖွဲ့ဝင် ဗီဇာ | အခမဲ့ |
| (ခ) | နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ | ယန်း၄,၀၀၀/- |
| (ဂ) | ကမ္ဘာလှည့်ဗီဇာ | ယန်း၄,၀၀၀/- |
| (ဃ) | လုပ်ငန်းဗီဇာ | ယန်း၅,၅၀၀/- |
| (င) | အလုပ်သမားဗီဇာ | ယန်း၅,၅၀၀/- |
| (စ) | လူမှုရေးဗီဇာ | ယန်း၅,၅၀၀/- |
| (ဆ) | သာသနာရေးဗီဇာ | ယန်း၅,၅၀၀/- |
| (ဇ) | ပညာရေးဗီဇာ | ယန်း၅,၅၀၀/- |
| (ဈ) | စာနယ်ဇင်း/မီဒီယာဗီဇာ | ယန်း၅,၅၀၀/- |
| (ည) | ယာဉ်အမှုထမ်းဗီဇာ | ယန်း၅,၅၀၀/- |
| (ဋ) | အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ | ယန်း၅,၅၀၀/- |
| (ဌ) | ဖြတ်သန်းဗီဇာ | ယန်း၃,၅၀၀/- |
| (ဍ) | အကြိမ်ကြိမ်ပြည်ဝင်ဗီဇာ | ယန်း၂၅,၀၀၀/- |

၂။ ပြည်ဝင်ဗီဇာလျှောက်ထားသူများလွယ်ကူ အဆင်ပြေစေရန်အတွက် လျှောက်ထားရာတွင် ဖြည့်စွက်ရန်လိုအပ်သည့် လျှောက်လွှာပုံစံများ၊ ပူးတွဲတင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများနှင့် ပေးသွင်းရမည့် ပြည်ဝင်ဗီဇာနှုန်းထား၊ ဝန်ဆောင်ခများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက် များကို သံရုံး၏ website ဖြစ်သော www.myanmar-embassy-tokyo.net/visa2016/ တွင် ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဖော်ပြထားပါကြောင်း အသိပေးအပ်ပါသည် ။

၃။ ထို့အပြင် မြန်မာသံရုံးနှင့် ဝေးကွာသည့် အခြားမြို့များတွင် နေထိုင်ခြင်းကြောင့်သော် လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့် မြန်မာသံရုံးသို့ ကိုယ်တိုင်လာရောက်၍ ပြည်ဝင် ဗီဇာ မလျှောက်ထားနိုင်သူများအနေဖြင့် လိုအပ်သော လျှောက်လွှာပုံစံ၊ စာရွက်စာတမ်းများ၊ ဘဏ်ငွေသွင်းချလံ ( မူရင်း )၊ နိုင်ငံကူးလက်မှတ် (မူရင်း) နှင့် ဝန်ဆောင်ခများကို စာတိုက်မှတစ်ဆင့်

( Letter Pack 510 or Letter Pack 360 ကိုအသုံးပြု၍ ) ပေးပို့လျှောက်ထားနိုင်ပါသည်။ သံရုံး၏ လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Embassy of the Republic of the Union of Myanmar
4 - 8 - 26, Kita Shinagawa Shinagawa - ku, Tokyo 140-0001, Japan.

၄။ ထိုသို့ လျှောက်ထားရာတွင် လျှောက်ထားသူထံသို့ ပြန်လည်ပေးပို့ရမည့် လိပ်စာအပြည့်အစုံ ရေးသားထားသည့် စာအိပ်အလွတ်တစ်ခု ( Letter Pack 510 or Letter Pack 360) ကို ထည့်သွင်း၍ ပေးပို့လျှောက်ထားခြင်းဖြင့် မြန်မာသံရုံးအနေဖြင့် လျှောက်ထားသူထံသို့ ပြန်လည်ပေးပို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။